# ပဋိပက္ခ နှင့် အသိအမြင်ပြဿနာ

မင်းဗလှူး

**လူတိုင်းပြုပြင်ဖန်တီးခြင်းခံကြရသည်**

ဤကမ္ဘာမြေပေါ်တွင် ပြုပြင်ဖန်တီးခြင်းမှ လွတ်ကင်းလျက် အစစအရာရာ အမှန်တရားကိုသာ အစဉ်အမြဲသိမြင်ဆုံးဖြတ်နိုင်စွမ်းရှိသောပုဂ္ဂိုလ်သည် အနန္တတန်ခိုးရှင်မှ လွဲ၍ရှိနိုင်မည်မထင်ပါ။သို့သော် လူအတော် များများက မိမိတို့သည်အခြေအနေအရပ်ရပ်ကို ကြောင်းကျိုးစုံလင်စွာ သင်ယူခဲ့ကြခြင်းနှင့် ကိုယ်တိုင်သိရှိခံစားခဲ့ရခြင်းများကြောင့် အဖြစ်မှန် အလားအလာအမှန်များကိုကောင်းစွာသိနားလည်သည်ဟု ယုံကြည်ရလောက် အောင်အပြောသန်နေကြသည်ကို တွေ့ရပါသည်။ ထိုသူတို့သည် ဘယ်လောက်အထိ မှန်အောင် အသိအမြင် ရနိုင်ကြပါသနည်း။ လူတို့၏စိတ်သည် မိမိတို့ဘာသာ ဖွဲ့စည်းထားသည့် စနစ်တစ်ခု၏ အောက်တွင်သာ အလုပ်လုပ်နေကြသည်ကိုသတိပြုမိကြပါသလား၊ အကြိမ်အခါများစွာ၌ မိမိတို့၏ ပြင်းပြသောစိတ်ခံစားချက်များသည် အခြားထည့်သွင်းစဉ်းစားရန် အချက်အားလုံးကို မသဲမကွဲဖြစ်စေရန် သို့မဟုတ် မေးမှိန် ပျောက်ကွယ်စေရန် ဖြစ်စေခဲ့သည်ကိုလည်း ဆင်ခြင်မိပါသလား၊ ရင်ဆိုင်တိုက်ခိုက်မလား သို့မဟုတ် ရှောင်ပြေးမလားဆိုသည့်ရွေးချယ်မှုသည်ဘေးအန္တရာယ်ကျရောက်လာသောအခါတိရိစ္ဆာန်လောကသားများ၏ရုတ်ခြည်းတုန့်ပြန်တတ်သောအသိစိတ်ဖြစ်ပါသည်။ သို့သော် အကြောင်းကိစ္စများကို မှန်ကန်ရှင်းလင်းစွာ နားလည် သဘောပေါက်ခြင်းမရှိသည့်အခါ ကျွန်ုပ်တို့ကိုယ်တိုင်လည်း အလားတူရွေးချယ်မှုဖြင့် တုန့်ပြန်တတ်ကြသည်မှာ အံ့သြစရာမဟုတ်တော့ပါ။

ကျွန်ုပ်တို့ငယ်စဉ်ကစ၍ သင်ယူလေ့လာခဲ့ရသော ပညာရေးနှင့် အခြားဘဝအတွေ့အကြုံများကလည်း အတူတကွ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်ဦးနှစ်ဘက် ပတ်သက်ဆက်နွယ်မှုဆက်ဆံမှုများကြောင့် ရရှိသော အကျိုးကျေးဇူးများအစား စစ်ပွဲများပဋိပက္ခများ၌ ယှဉ်ပြိုင်တိုက်ခိုက် အနိုင်ယူခဲ့ကြခြင်းများအပေါ်ပို၍အာရုံစူးစိုက်စေခဲ့သည်မဟုတ်ပါလော၊ ဤနည်းဖြင့် အဆက်မပြတ်ပြုပြင်ဖန်တီးခြင်းခံနေရသော ကျွန်ုပ်တို့၏ စိတ်သည် ဘယ်လောက်အထိ အမှန်ကို သိမြင်ဆုံးဖြတ်နိုင်ပါ့မလဲ၊ စိစစ်ကြည့်သင့်ပါသည်။

**မဟာဗျူဟာအကျိုးအမြတ်ကို စဉ်းစားပါ**

ယနေ့လူ့အဖွဲ့အစည်းတွင်နိုင်ငံရေးအရသော်လည်းကောင်း ဘာသာရေး လူမျိုးစု အရေးအရသော်လည်းကောင်း စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအရသော်လည်းကောင်း အမျိုးမျိုးကွဲပြားစေကာမူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်သည်ဟု ခံယူထားသော မူသည် ထွန်းကားလျက်ရှိပါသည်။ ထိုသို့ ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ရင်း တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင် တိုးတက်ဖွံ့ဖြိုးအောင် ပေါင်းစုအားထုတ်မှု ပြုနေကြသည့် လူ့အဖွဲ့အစည်းများအကြားတွင် ပဋိပက္ခအဖုံဖုံထိပ်တိုက်ရင်ဆိုင်မှု အစုံစုံဖြင့်အားပြိုင်နေကြသူများ အတွက် ဘယ်အချိန်အထိ ရှင်သန်နေနိုင်မလဲ၊ အတူတကွ ပူးပေါင်းဆောင်ရွက်မှုနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်းပေါင်းစုအားထုတ်မှု(Synergy)တို့ဖြင့် အဖွဲ့အစည်းအကျိုးစီးပွားအတွက် သဲသဲ မဲမဲ

စိတ်ရောကိုယ်ပါ လုပ်ကိုင်နေကြသောကာလတွင် မိမိ၏အသိအမြင်မှန်ကန်ကြောင်း သက်သေထူနိုင်ရန် နည်းဗျူဟာအကျိုးအမြတ်တစ်ခုတစ်လေအတွက် ဘတစ်ပြန်ကျားတစ်ပြန် ထွေးလုံးရစ်ပတ် တိုက်ခိုက်နေကြမည်ဆိုလျှင် အဖွဲ့အစည်းအတွက် မဟာဗျူဟာအရ အရှုံးချည်းသာဖြစ်ပါသည်။

သဟဇာတဖြစ်သော လူမှုပတ်ဝန်းကျင်သည်သာလျှင် လူသားအရင်းအမြစ် အချိန်အရင်းအမြစ်နှင့်သယံဇာတအရင်းအမြစ်များကို အထိရောက်ဆုံး အသုံးပြုနိုင်ပါသည်၊ ကုန်ပစ္စည်းများပိုမိုထုတ်လုပ်နိုင်စွမ်း ရှိပါသည်၊ ကုန်ကျစရိတ်များ သက်သာစေသည်၊ တီထွင်ဖန်တီးမှုအားကောင်းစေသည်၊ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံနိုင်သည်၊မဟာဗျူဟာအရအကျိုးအမြတ်ချည်းသာဖြစ်ပါသည်။

**သဟဇာတပတ်ဝန်းကျင်ကို ထူထောင်ပါ**

သဟဇာတဖြစ်သော ပတ်ဝန်းကျင်တစ်ရပ်၏ မဟာဗျူဟာအကျိုးအမြတ်ကို လက်ခံရယူလိုပါလျှင်ရှေးဦးစွာ ကျွန်ုပ်တို့သည် မည်သည့်အသိအမြင်မဆို အပြစ်အနာအဆာ ရှိသည်ဆိုသည့် အချက်ကိုလည်းကောင်း၊ လူတို့၏အသိအမြင်များကို မည်ကဲ့သို့ပုံပြု၍ ရသည်ကိုလည်းကောင်း သိထားရန်လိုပါသည်။ ပွင့်လင်းသော သဘောထားရပ်တည်ချက်သာရှိလျှင် ကျွန်ုပ်တို့၏ အသိအမြင်များသည် သူဘာသာသူ အမှန်ဘက်သို့ ရွေ့လျား ပြောင်းလဲလာနိုင်သည်ကိုလည်း လေ့လာထားသင့်ပါသည်။ ပကတိ အစစ်အမှန်တရားသည် ရှုထောင့်များစွာအနက် ရှုထောင့်တစ်ခု၏ အသိအမှတ်ပြုမှုသာဖြစ်သည်ဟု လက်ခံနိုင်လျှင် ကျွန်ုပ်တို့၏စိတ်များကို အခြားကွဲပြားခြားနားသော နည်းလမ်းများဖြင့် စဉ်းစားတတ်စေရန် ဘယ်လိုပြုပြင်ဖန်တီးယူရမလဲ ဆိုသည့်အချက် ကို စူးစမ်းရှာဖွေနိုင်ပါသည်။

ပြဿနာတစ်ရပ်နှင့် ထိပ်တိုက်တွေ့ပြီဆိုလျှင် ကိုယ်ချင်းစာတရားဖြင့် မျှဝေခံစားနိုင်အောင် ကြိုးစားရပါမည်၊ ထိုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် သဟဇာတဖြစ်သောပုံစံတစ်ခုချမှတ်ရပါမည်။ မိမိတို့ အဖွဲ့အစည်းအတွင်း၌ မလိုလားအပ်သော ပဋိပက္ခများ မဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်မည့် စနစ်ထူထောင်ထားရမည်၊ မိမိတို့၏ အသိအမြင်များအပေါ် အခိုင်အမာရပ်တည်ပြီး ခုခံတိုက်ခိုက်လိုသည့် သဘောထားအစား အသေမဟုတ်သည့် ပြောင်းလဲနိုင်သောသဘောထား(Fluidity)ထားရှိရန် လိုအပ်ပါသည်။ အကြောင်းအရာများ အပေါ် ခွဲခြားစိတ်ဖြာသုံးသပ်သောနည်းလမ်းနှင့် သတင်းအချက်အလက်များ မျှဝေပေးသော နည်းလမ်းတို့ ဖြင့် နီးကပ်စွာ အပြန်အလှန် အကျိုးပြုရမည်။ဤသို့ဖြင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေးနှင့် နက်နဲသောယုံကြည်မှုကို အခြေပြုလျက် သဟဇာတပတ်ဝန်းကျင်ကို ထူထောင်နိုင်ပါလိမ့်မည်။

**ပဋိပက္ခဆိုတာဘာလဲ**

ပဋိပက္ခကို အလွယ်တကူနားလည်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ရပ်မှာ တစ်ဘက်နှင့်တစ်ဘက် အကျိုးစီးပွားချင်း ဆန့်ကျင်သည်ဟု သိမြင်နားလည်သဘောပေါက်ခြင်းနှင့်

ထိုသို့သိမြင်နားလည် သဘောပေါက်မှုကြောင့် ယှဉ်ပြိုင်သော အပြုအမူဆီသို့ ဦးတည်လုပ်ဆောင်ကြခြင်းဖြစ်သည်ဟု ဆိုပါသည်။

ပဋိပက္ခဖြစ်လျှင် ဘာမျှအကျိုးမရှိဟုမဆိုလိုပါ၊ အသုံးပြုတတ်မည်ဆိုလျှင် ပဋိပက္ခမှ ကောင်းကျိုး တချို့ရရှိနိုင်ပါသည်။ နိုးကြားသော အသိတရားဖြစ်ပေါ်စေခြင်း၊ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း တိုးတက်လာခြင်းနှင့် ပိုမိုကောင်းမွန်သော လုပ်ထုံးလုပ်နည်း စနစ်များချမှတ်နိုင်ခြင်းတို့သည် အပြုသဘော အကျိုးသက်ရောက်မှုများဖြစ်ပါသည်။ အပြစ်အနေဖြင့်ကားရန်လိုမှုဖန်တီးခြင်းနှင့် မပြီးဆုံးတော့သည့်ခါးသီးသောမကျေမချမ်းမှု တိုးပွားလာခြင်းတို့ပင်ဖြစ်ပါသည်။

ပဋိပက္ခသည် တစ်ဦးချင်းသဘောကိုလည်း ဆောင်သည်၊ အစုအဝေးသဘောကိုလည်း ဆောင်သည်၊တစ်ဦးချင်းပဋိပက္ခမှအစုအဝေးပဋိပက္ခသို့ပြောင်းလဲနိုင်သကဲ့သို့အစုအဝေးပဋိပက္ခသည် တစ်ဦးချင်းအပေါ် မဏ္ဍိုင်ပြုနေခြင်းလည်းရှိသည်။ ပဋိပက္ခ၏ မွေးရာပါ အရည်အချင်းတစ်ခုမှာယှဉ်ပြိုင်ခြင်းဖြစ်သည်၊ ယှဉ်ပြိုင်ခြင်း ဆိုသည်မှာ အကြောင်းကိစ္စတစ်ခုအတွက် သော်လည်းကောင်း၊ အသိအမြင်အယူအဆ တစ်ခုအတွက်သော် လည်းကောင်း သဟဇာတ မဖြစ်နိုင်သော ကိုယ်ပိုင်ပန်းတိုင်တစ်ခုစီသို့ ဦးတည်လှုပ်ရှားခြင်းဖြစ်သည်။ ယှဉ်ပြိုင်ခြင်းသည် ပွင့်လင်းသောသဘော ထင်သာမြင်သာသောသဘော ရှိနိုင်သကဲ့သို့ပုန်းအောင်းနေသောသဘော ဖုံးကွယ်ထားသော သဘောလည်းဖြစ်နိုင်သည်။

ပဋိပက္ခတစ်ခုမှ ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ရရှိစေရန် နှစ်ဘက်ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများသည် မျှတမှုနှင့် ဆက်ဆံရေးတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားလိုမှုရှိရပါမည်။ နှစ်ဦးနှစ်ဘက် ရေတိုအကျိုးအတွက်သာ ကြည့်ကြမည်၊ အခြားတစ်ဘက်၏အကျိုးစီးပွားကို စိတ်ဝင်စားမှုမရှိ၊ မိမိတို့၏အသိအမြင်အယူအဆများကို အသေ သို့မဟုတ် အခိုင်အမာဆုပ်ကိုင်ထားမည်၊အဖျက်သဘော စိတ်ထားရှိကြမည်ဆိုလျှင် အဆိုးသံသရာမှ လွတ်လမ်းမရှိပါ။

**အသိအမြင်ပြဿနာ**

ပဋိပက္ခဖြစ်ပေါ်ရခြင်း၏ အကြောင်းတရားတစ်ခုသည် အသိအမြင်ပြဿနာကြောင့်ဖြစ်သည်။ ပဋိပက္ခမှ အကျိုးအပြစ် သက်ရောက်စေမှုကို ဆန်းစစ်ရာတွင်လည်း အသိအမြင်ပြဿနာကသာ အခရာဖြစ်ပါသည်၊ ထို့ကြောင့် အသိအမြင်ပြဿနာသည် ပဋိပက္ခ၏အဓိကပြဿနာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော်ကျွန်ုပ်တို့၏ အသိအမြင် မှန်ကန်မှုသည် ဘယ်လောက်ထိ အားကိုးယုံကြည်နိုင်မလဲ။

မုံလယ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ခန္ဓာဖွဲ့၊ သစ္စာဖွဲ့၊ ပဋိစ္စသမုပ္ပါဒ်တရားတော်ကာယဒွာရရှုပွားနည်း၌ "ခန္ဓာဖွဲ့တော့ မာတယ်လို့သိတာသူငါလား၊ ကာယဝိညာဏ်လား၊တစ်ဝိညာဏ်တည်း ထိလို့ သိလို့ ဖြစ်ရဲ့လား၊ မဖြစ်ရင် သူနဲ့ သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာမပါလား"

"ဝေဒနာ၊ သညာ၊ စေတနာ သုံးပါး ပေါင်းတော့ နာမက္ခန္ဓာ လေးပါး မရလား၊ ဤလေးပါးပြည့်စုံမှ ထိသိစိတ် ဖြစ်တာနော်" ဟု ဟောကြားဆုံးမတော်မူပါသည်။

ကျွန်ုပ်တို့၏အာရုံခံဒွာရများသည် မြင်သိစိတ်၊ကြားသိစိတ်စသည်တို့၏အဓိပ္ပါယ်များကို သူ့ဘာသာသူ အဓိပ္ပါယ်ကောက်ယူနိုင်ခြင်းမရှိကြောင်း ယခုအခါ စိတ်ပညာရှင်အများအပြားက လည်း ဖွင့်ဟပြောဆို နေကြပြီဖြစ်ပါသည်။

"အသိအမြင်သည် လှုံ့ဆော်မှုပုံစံတစ်ခုကြောင့် အလွယ်တကူပေါ်ပေါက်လာခြင်း မဟုတ်ပါ၊ ရရှိနိုင်သော အချက်အလက်များအပေါ် အကောင်းဆုံး အဓိပ္ပါယ်ကောက်ယူရန် အလျင်အမြန် အင်တိုက်အားတိုက် ရှာဖွေခြင်းမှသာ ထွက်ပေါ်လာခြင်းဖြစ်သည်" ဟု စိတ်ပညာရှင် R.L. Gregory က Eye and Brain-the psychology of seeing စာစောင်၌ ရေးသားဖော်ပြထားပါသည်။ အလားတူအခြား ပညာရှင်တစ်ဦးကလည်း " သိမြင်ရမည့်အရာ အတွက်သိမြင်လိုသူ၏နားလည်မှုသည် ပြည့်စုံလုံလောက်မှုရှိမှသာ သိမြင်နိုင်စွမ်းရှိသည်" ဟု ဆိုပါသည်။

E.F. Schumacher က A Guide for the Perplexed စာအုပ်၌ "အကယ်၍သိမြင်လိုသူ၏ နားလည်မှု အဆင့်သည်သိမြင်ရမည့်အရာ၏ ခက်ခဲနက်နဲမှုအဆင့်အတွက် လုံလောက်ခြင်း မရှိပါကရလဒ်သည်မှားယွင်း သောဖြစ်ရပ်သာမက ထို့ထက်ပို၍ ဆိုးဝါးစေသော ဆုတ်ယုတ် ပျက်သုဉ်းနေသည့် သိမြင်မှုကို ဖြစ်စေသည်" ဟုရေးသားဖော်ပြထားပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့၏ အသိပညာဖွဲ့စည်းမှုအဆင့်သည် လက်တွေ့ ဘဝဖွဲ့စည်းမှုနှင့် ဆီလျော်အပ်စပ်နေအောင် အစဉ်အမြဲ လိုက်ပါ၍ ပြုပြင်ပြောင်းလဲနိုင်မှသာ အသိအမြင် ပြဿနာကိုဖြေရှင်းနိုင်ပြီး ပဋိပက္ခများကို ရှောင်ရှားနိုင်ကြပါမည်။ နေရာတိုင်းတွင် ကျွန်ုပ်တို့၏ နားလည်မှုအဆင့်သည် ပြည့်စုံလုံလောက်နေပြီဟု မယုံကြည်သင့် သကဲ့သို့ ကျွန်ုပ်တို့၏အသိအမြင်သည်လည်း အခါခပ်သိမ်းမှန်ကန်နေပြီဟု လက်မခံသင့်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည်အသိအမြင်များအပေါ် အသေဆုပ်ကိုင်ထား ကြရန်မသင့်၊ မဟာဗျူဟာရည်မှန်း ချက်ပန်းတိုင် ရောက်ရှိနိုင်ရေးအတွက် နည်းဗျူဟာအရ ပြောင်းလဲနိုင်သော သဘောထားများ ထားရှိသွားကြရန် လိုအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။